မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းဆေးများကို အများပြည်သူများ ပိုမိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်အောင်ကြိုးပမ်း

အခြားနိုင်ငံများမှ တိုင်းရင်းဆေးပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူး

ဆေးပညာရပ်များ တိုးတက်လာစေရေး စာတမ်းဖတ်ပွဲများ ကျင်းပ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်၊ ဝန်ကြီးဌာန(၄)ခုနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဥယျာဉ်၏ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ပရဆေးဥယျာဉ်အတွင်း စုဆောင်းထားရှိသော ဆေးဖက်ဝင်အပင်များနှင့် အသုံးဝင်သောအပင်များ စိုက်ပျိုးထားရှိမှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြတိုက်များအတွင်း တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းများ ပြသထားရှိမှုနှင့် ပရဆေးဥယျာဉ်၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ရှိ တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေးပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ ၂၀-၇-၂၀၁၁

နေပြည်တော်(တပ်ကုန်း)	၁ ဒသမ ၄၂ လက်မ
ဇွဲမြို့	၁၃ ဒသမ ၀၇ လက်မ
ဟသ်ာတ(တံခွန်တိုင်)မြို့	၉ ဒသမ ၁၂ လက်မ
ငါးသိုင်းချောင်းမြို့	၈ ဒသမ ၈၆ လက်မ
မောင်တောမြို့	၈ ဒသမ ၁၁ လက်မ
စစ်တွေမြို့	၇ ဒသမ ၇၅ လက်မ
အမ်းမြို့	၇ ဒသမ ၃၆ လက်မ
ဘီးလင်းမြို့	၆ ဒသမ ၆၂ လက်မ
ဟသ်ာတမြို့	၆ ဒသမ ၅၈ လက်မ
သံတောင်ကြီးမြို့	၆ ဒသမ ၀၁ လက်မ
ကျောက်တော်မြို့	၅ ဒသမ ၉၁ လက်မ
သံတွဲမြို့	၅ ဒသမ ၇၁ လက်မ
မော်လမြိုင်မြို့	၅ ဒသမ ၇၁ လက်မ
မြောက်ဦးမြို့	၅ ဒသမ ၅၁ လက်မ
သာယာဝတီမြို့	၅ ဒသမ ၄၇ လက်မ
တောင်ကုတ်မြို့	၅ ဒသမ ၂၈ လက်မ
မာန်အောင်မြို့	၅ ဒသမ ၀၀ လက်မ
တမူးမြို့	၄ ဒသမ ၆၄ လက်မ
ကျိုက္ခမီမြို့	၄ ဒသမ ၂၉ လက်မ
ဟုမ္မလင်းမြို့	၄ ဒသမ ၀၂ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်)

သစ်ပင်ကို တိုးချဲ့စိုက်ပျိုး သစ်တောကို ထိန်းသိမ်းကာကွယ်

သစ်တောသစ်ပင်သည် သဘာဝရာသီဥတုမျှတရန် ပြုလုပ်ပေးရာ၌ အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ သစ်တောသစ်ပင်ပြုန်းတီးလျှင် သဘာဝရာသီဥတုလွန်ကဲပြီး အပူလွန်ခြင်း၊ အအေးလွန်ခြင်းများ ဖြစ်ပေါ်တတ်သည်။

ရာသီဥတုလွန်ကဲမှုကြောင့် တွေ့ကြုံရမည့်အကျိုးဆက်သည် စိုက်ပျိုးရေးအတွက် အခက်ကြုံပြီး စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ရေ၊ မြေ၊ သစ်တောနှင့် ဇီဝစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားအပါအဝင် သက်ရှိသတ္တဝါများအပေါ် အကျိုးပြုလျက်ရှိသည်။ "ရတနာသစ်တော ပြည့်သွေးကြော" ဟူသော ဆောင်ပုဒ်အရ သစ်တောသစ်ပင်တို့သည် နိုင်ငံ၏ ရေ၊ မြေသဘာဝတောများ၊ တောရိုင်းတိရစ္ဆာန်များနှင့် လူသားတို့ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

သစ်တောသစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူနိုင်စွမ်းရှိရာ သစ်တောသစ်ပင်များပြုန်းတီးလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုပျံ့လွင့်ကာ အဆိုပါဓာတ်ငွေ့ကြောင့် အိုဇုန်းလွှာပျက်စီးရာမှတစ်ဆင့် ရာသီဥတုဖောက်ပြန်ခြင်းများ ဖြစ်ရသည်။ ထို့အပြင် သစ်တောသစ်ပင်ရှိခြင်းသည် ရာသီဥတုဖောက်ပြန်မှုမှ ကာကွယ်နိုင်သဖြင့် သစ်တောသစ်ပင်ပြုန်းတီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီး၌ အမျိုးသားသဘာဝနယ်မြေများ သတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်သစ်တောများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်း ထူထောင်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်း၊ ရေဝေရေလဲဒေသထိန်းသိမ်းခြင်းစသည်ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်း သဘာဝသစ်တောများမပျက်စီးစေရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ဖော်ဆောင်ရာ၌လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရာ၌လည်းကောင်း သစ်တောကဏ္ဍသည် အဓိကကျလျက်ရှိရာ သစ်တောသစ်ပင်များကို ထိန်းသိမ်းကာကွယ်ရာ၌ ပြည်သူများကလည်း လက်တွဲပါဝင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက် နံနက်က ကျိုင်းတုံ အထက(၂)ခန်းမ၌ ကျင်းပရာ ပိုစတာပြိုင်ပွဲတွင် မူ၊ လယ်၊ ထက် အဆင့် ကျောင်းသား ကျောင်းသူ ၈၄ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၉၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)** ပြိုင်ပွဲကို ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးခင်စိုးနှင့် ကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မျက်စိရောဂါများကုသရန် အလှူငွေပေးအပ်

မန္တလေး ဇူလိုင် ၂၀

မျက်စိနှင့်ဆက်စပ်သော ကုသမှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြင့်မြတ်ဖြူစင်ကုသိုလ်ဖြစ် အထူးကုဆေးခန်းသို့ အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ၇၄ လမ်း၊ ၃၆ × ၃၇ လမ်းကြားရှိ အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်း၌ ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြင့်မြတ်ဖြူစင်ကုသိုလ်ဖြစ် အထူးကုဆေးခန်း အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှမြင့် (တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး-ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာမျိုးညွှန့် (ကလေးခွဲစိတ်အထူးကု)နှင့် အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွေး (နှလုံးခွဲစိတ်အထူးကု)တို့က လူနာများအား ဆေးကုသပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၁ လမ်း၊ ၂၆×၂၇ လမ်းကြားနေ ဒေါ်ရီရီက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မျက်စိနှင့်ပတ်သက်သော ရောဂါကုသမှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူသည်။ **(ဝဲပုံ)**

အဆိုပါ အထူးကုဆေးခန်းသည် ၂၀၁၀ ခုနှစ် အောက်တိုဘာလက စတင်ဖွင့်လှစ်ခဲ့ရာ ကိုးလတာကာလအတွင်း အခမဲ့ကုသိုလ်ဖြစ် လူနာ ၂၈၆၈၉ ဦးအား အထွေထွေကုသခြင်းဖြင့် လည်းကောင်း၊ လူနာ ၈၆၉၅ ဦးအား အထူးကုသခြင်းဖြင့်လည်းကောင်း ကုသပေးခဲ့ကြောင်း သိရှိရသည်။ (၀၄၀)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ဇွန် ၂၀ ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင် ဟောပြောစဉ်။ (၀၂၀)

သိပ္ပံနည်းကျ (၁၄)ချက်နှင့်အညီ လက်တွေ့စိုက်ပျိုး သရုပ်ပြ

ကန့်ကြီးထောင့် ဇူလိုင် ၂၀

ကန့်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု တောင်သူဦးချစ်ထွေး၏ ကွင်း (၁၈၆)၊ ဦးပိုင် ၃၉ မိုးစပါးစိုက်ဧက ၉ ဒသမ ၅၀ လယ်မြေတွင် ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ သိပ္ပံနည်းကျ ၁၄ ချက်နှင့်အညီ ပေါင်ဖြင့် စနစ်တကျ စိုက်ပျိုးနည်းကို တောင်သူများအား လက်တွေ့သရုပ်ပြပွဲကျင်းပသည်။

လက်တွေ့စိုက်ပျိုးသရုပ်ပြ

အဆိုပါ သရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ခုနစ်မြို့နယ်မှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာများ၊ အုပ်စုမန်နေဂျာများ၊ ကျေးရွာမန်နေဂျာများနှင့်တောင်သူများ တက်ရောက်ကြပြီး သိပ္ပံနည်းကျ ၁၄ ချက်နှင့်အညီ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက ပျိုးပေါင်ဆွဲခြင်း၊ မြေဆွေးကြဲပက်ခြင်း၊ မျိုးစေ့ကြဲခြင်း၊ သမန်းကောင်းရရှိရန် ဆောင်ရွက်ခြင်း၊ ပျိုးနုတ်ခြင်းနှင့် ကောက်စိုက်ခြင်းစသည့် လုပ်ငန်းများကို လက်တွေ့စိုက်ပျိုး သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဆေးရုံလမ်းဘေးဝဲယာ တစ်လျှောက်တွင် ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်သိမ်းဆည်းခြင်းကို ဇူလိုင် ၂ ရက်က အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာပိုင် သစ်တောစိုက်ခင်း စိုက်ပျိုး

မင်းတုန်း ဇူလိုင် ၂၀

သရက်ခရိုင် မင်းတုန်းမြို့နယ် ကံကုန်းကျေးရွာတွင် ၂၀၁၁ ခုနှစ် ကျေးလက်အိမ်ရာတည်ဆောက်ရေး၊ ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးထားရှိမှု အခြေအနေကို ဇူလိုင် ၁၀ ရက်က အဆိုပါ စိုက်ခင်း၌ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးကြည်နိုင် ကြည့်ရှုစစ်ဆေးရာ မင်းတုန်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဉာဏ် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

*** ရှေ့ဖုံးမှ**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လေ့လာဆည်းပူး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိလိုသည်များကို မေးမြန်းပြီးလိုအပ်သည်များအား မှာကြားရာတွင် တိုင်းရင်းဆေးပညာရပ်များ ပိုမိုတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ တိုင်းရင်းဆေးများကို လက်တွေ့စမ်းသပ်မှုများပြုလုပ်ပြီး အများပြည်သူများ ပိုမိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တိုင်းရင်းဆေး ထုတ်လုပ်မှုအပိုင်းတွင် သတ်မှတ်အရည်အသွေး ပြည့်မီစေရေးနှင့် တိုင်းရင်းဆေးညွှန်းများကို တိကျသောအလေးချိန်ပမာဏ အတိုင်းအတာဖြင့် သတ်မှတ်ဆောင်ရွက်ရန်၊ ထို့အပြင် တိုင်းရင်းဆေးများကို တွင်ကျယ်စွာ သုံးစွဲနေသည့် အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အခြားနိုင်ငံများမှ တိုင်းရင်းဆေးပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူးသွားကြရန်နှင့် တိုင်းရင်းဆေးပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်လာစေရေးအတွက် သုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ကျန်းမာရေးဝန်ကြီးဌာန၏ တိုင်းရင်းဆေး သုတေသနပြတိုက်နှင့် တိုင်းရင်းဆေး ပညာဖွံ့ဖြိုးရေးပြတိုက်၊ သစ်တောရေးရာဝန်ကြီးဌာနပြတိုက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြတိုက်များအတွင်း ခင်းကျင်းပြသထားသည့် ပရဆေးပင်များ၏ သိပ္ပံဆိုင်ရာ အချက်အလက်များ၊ သဘာဝအတိုင်း လေ့လာနိုင်သည့် ပင်စိုနမူနာများ၊ ပင်ခြောက်နမူနာများ၊ ပရဆေး ကုန်ကြမ်းများ၊ ကျန်းမာရေး ပညာပေးပိုစတာများ၊ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းများ၊ နယကြီး(၄)ပါး ပြကွက်များနှင့် ဥယျာဉ်အတွင်း ပရဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိန်းသိမ်းထား

အဆိုပါ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၁၉၆ ဒသမ ၄၀ ဧက ကျယ်ဝန်းသည်။ ဥယျာဉ်အတွင်း ဆေးဖက်ဝင် ပရဆေးပင်များ၊ ပရဆေးပျိုးပင်များနှင့် ရောဂါအလိုက် အသုံးဝင်သော ပရဆေးပင်များကို စုံလင်စွာ စိုက်ပျိုး ထိန်းသိမ်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သိပ္ပံနည်းကျ စိုက်နည်းစနစ်များ စဉ်ဆက်မပြတ် သုတေသနပြု
တောင်သူလယ်သမားများ လက်ခံကျင့်သုံးလာသည်အထိ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၅၀ စိုက်ကွင်းအတွင်း၌ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များ (Good Agriculture Practice) ဆွေးနွေးပွဲ အပတ်စဉ်(၄)သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်မန်နေဂျာ ၉၀ အား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် အထူးအထွက်တိုး မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ အရည်အသွေးကောင်းမွန်သည့် အထူးအထွက်တိုးမျိုးစေ့များ ထုတ်လုပ်ရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုလုပ်ခြင်းနှင့် တောင်သူလယ်သမားများ လက်ခံယုံကြည် ကျင့်သုံးလာသည်အထိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၅၀ စိုက်ကွင်း၌ မြို့နယ်မန်နေဂျာများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က မြို့နယ်မန်နေဂျာများအနေဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်သွားရမည့် အချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင် တို့သည် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့မှ တောင်သူလယ်သမားများအား တွေ့ဆုံ အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီးများနှင့်အတူ လေ့လာရေးအဖွဲ့ဝင်များ၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များ ဆွေးနွေးပွဲအပတ်စဉ်(၄)သို့ တက်ရောက်လာကြသူများ၏ တစ်ဧကစပါး တင်း ၂၀၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုး စပါး စိုက်ခင်း၊ တစ်ဧကတန်(၆၀)အထက် ထွက်ရှိမည့် ကြံစိုက်ခင်းနှင့် စပ်မျိုးနေကြာ စိုက်ခင်း ကြည့်ရှုလေ့လာနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး ရေဆင်းစပ်မျိုးနေကြာ-၁ မျိုးရရှိရေးအတွက် မျိုးစပ်ထုတ်လုပ်နေမှုစိုက်ခင်းနှင့် စပ်မျိုးပြောင်းများ မျိုးစပ်ပွားနေသည့် စိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများထံ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိက ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးနိုင်ရန်အတွက် ဇူလိုင် ၂၁ ရက် နောက်ဆုံးထား ဆက်သွယ်ကြရန်ဖြစ်ပြီး လှူဒါန်းလိုသူများ သည် ဦးသန်းထွန်း ဖုန်း-၀၉-၅၀၅၂၈၂၄၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၇၃၂၂၄၊ ဦးဦးသာကျော် ဖုန်း-၀၉-၉၉၂၄၇၃၀နှင့် ဦးကျော်စိန်မောင် ဖုန်း-၀၉-၅၁၁၂၈၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၃၀ ၈။ **နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သချာၤအထူးပြု) (ရူပဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ **ဗမ္မာ့ဒီပါမှာထွန်းတဲ့ကျွန်း**
- ၅:၃၀ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅:၄၅ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၉)
- ၆:၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၁)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၅)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၈)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဟသ်ာတ (တံခွန်တိုင်)	၂၂၉	၉ ဒသမ ၀၂	၂၂၀	၈ ဒသမ ၆၆	၇-၇-၂၀၀၇	၂၉
၂။	ငါးသိုင်းချောင်း	၂၂၅	၈ ဒသမ ၈၆	၂၀၄	၈ ဒသမ ၀၃	၇-၇-၂၀၀၇	၂၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ် (၃) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင် ဇူလိုင် ၂၀ ရက်က အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၆၅၈၇ ဦး** ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၈၀၁၁၂ ဦး** ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၅၈၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၁၁၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၀ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၄၁၀၄ဦး** ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ **၄၁၇၃၈ ဦး** ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၀၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၁၇၃၈ ဦး

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် အကြမ်းဖက်မှု တစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မြင်တွေ့ရသည့် မြင်ကွင်းတစ်ခု။

ကဘူးလ်မြို့တော်အတွင်း တိုက်ပွဲဖြစ်ပွား အာဖဂန်ထိပ်တန်းအရာရှိနှစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ ထိပ်တန်းလက်ထောက်တစ်ဦးနေအိမ်တွင် လေးနာရီကြာတိုက်ပွဲဖြစ်ပွားစဉ် သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပါလီမန်အမတ် တစ်ဦးနှင့် အဆိုပါ ထိပ်တန်းလက်ထောက်တို့ သေဆုံးခဲ့ကြောင်း အာဖဂန်အရာရှိများက ဇူလိုင်၂၀ရက်၌ ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က လုပ်ကြံမှုမှ သီသီကလေးလွတ်မြောက်ခဲ့သူ အမတ်ဟာရှင်ဝတန်ခါနှင့် ဥရုဂန်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျန်မိုဟာမစ်ခန်တို့မှာ လေးနာရီကြာ တိုက်ပွဲအတွင်း ဇူလိုင် ၁၉ ရက် ည ၈ နာရီ တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲစတင်ပြီးနောက် လေးနာရီခန့်ကြာသည်အထိ ပစ်ခတ်တိုက်ခိုက်ကာ တိုက်ပွဲသံများ ကြားနေရသည်ဟု ဒေသခံများက ပြောကြားသည်။

ကန်ဒါဟာပြည်နယ်၌ သမ္မတကာဇိုင်း၏ညီ ဝါလီကာဇိုင်း အသတ်ခံရပြီး ရက်ပိုင်းအတွင်းတွင် ကဘူးလ်မြို့တော်၌ ယခုကဲ့သို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားသည့်နေရာများတွင် လုံခြုံရေးချထားရကြောင်း သိရှိရသည်။ **(ယာပုံ) (အင်တာနက်)**

အီရတ်နိုင်ငံအတွင်းအကြမ်းဖက်မှု ဆော်ဒီအာရေဗျ အားပေးဟုစွပ်စွဲ

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်မှုများကို ဆော်ဒီအာရေဗျနိုင်ငံက အားပေးအားမြှောက်ပြုနေသည်ဟု အီရတ်အမတ်များကစွပ်စွဲကြောင်း ဇူလိုင် ၂၀ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ပြောကြား

ဆော်ဒီအာရေဗျအစိုးရက အီရတ်နိုင်ငံအတွင်းရှိ အကြမ်းဖက်အုပ်စုများကို ငွေကြေးနှင့်စိတ်ဓာတ်ရေးရာဆိုင်ရာ အားပေးခြင်းဖြင့် ထောက်ပံ့ကူညီနေသည်ဟု အီရတ်အမတ်များက ပြောကြားသည်။

အီရတ်နိုင်ငံ၌ဖမ်းမိသော အချို့အကြမ်းဖက်အုပ်စုဝင်များက ဆော်ဒီအာရေဗျအရာရှိများကို သူတို့၏ ဦးစီးနာယကများအဖြစ် ရည်ညွှန်းပြောဆိုကြသည်ဟု အီရတ်အမတ်များက ထောက်ပြပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက အကြမ်းဖက်သမားများကို စုဆောင်းပြီး နည်းပေါင်းစုံဖြင့် အီရတ်သို့ပေးပို့ကြသည်ဟုလည်း အီရတ်အမတ်များက စွပ်စွဲပြောကြားခဲ့သည်။ **(အင်တာနက်)**

ထိပ်တန်းအကြမ်းဖက် အဖွဲ့ခေါင်းဆောင်အား အီရတ်လုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီး

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်ပိုင်းဒီကာပြည်နယ်တွင် အယ်လ်ခိုင်ဒါ ကွန်ရက်နှင့် ဆက်နွယ်သည့် ထိပ်တန်းအကြမ်းဖက်ခေါင်းဆောင်တစ်ဦးကို ဇူလိုင် ၁၉ရက်၌ ဖမ်းဆီးလိုက်သည်။

အီရတ်ရဲတပ်ဖွဲ့က သတင်းရရှိပြီးနောက် အဆိုပါထိပ်တန်းအကြမ်းဖက်ခေါင်းဆောင်ကို ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၃၇၀အကွာ နာဆာရီယာမြို့၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အစီအစဉ်များရေးဆွဲ

ပြည်နယ်မြို့တော် ဖြစ်သည့် နာဆာရီယာမြို့အတွင်း အဆိုပါ ထိပ်တန်းအကြမ်းဖက်အဖွဲ့ခေါင်းဆောင်က ကြီးမားသော အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် အစီအစဉ်များ ရေးဆွဲထားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

ဂျပန်အနောက်ပိုင်းဒေသ၌ မုန်တိုင်းတိုက်ခတ် တစ်ဦးပျောက်ဆုံး၊ ၅၀ဒဏ်ရာရ

အိုဆာကာ ဇူလိုင် ၂၀

ဂျပန်နိုင်ငံအနောက်ပိုင်း ကင်ကီဒေသနှင့် ရှီကိုကူးကျွန်းတို့တွင် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အင်အားပြင်း မာအွန်ဟု အမည်ပေးထားသည့် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အိမ်များပျက်စီး၍ **(အပေါ်ပုံ)** တစ်ဦးပျောက်ဆုံးခဲ့ကာ လူ ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသို့ ယခုနှစ်၌ ပထမဆုံး ဝင်ရောက် တိုက်ခတ်သော မုန်တိုင်းဖြစ်ပြီး အဆိုပါ မုန်တိုင်းသည် ရှီကိုကူးကျွန်း ရှိတိုကူရှီးမား စီရင်စုသို့ ဦးတည်တိုက်ခတ်ခဲ့သည်။ ထိုမုန်တိုင်းသည် ကမ္ဘာတစ်ဝန်း ယခုနှစ်၌ ဖြစ်ပေါ်ခဲ့သည့် ခြောက်ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။

ဒဏ်ရာရရှိ

အဆိုပါမုန်တိုင်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၀နှုန်း တိုက်ခတ်ခဲ့ပြီး စီရင်စု ၁၅စုတွင် လူပျောက်ဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



ကန်သူလျှိုလေယာဉ်အား အီရန်တပ်ဖွဲ့ပစ်ချ

တီဟီရန် ဇူလိုင် ၂၀

အီရန်နိုင်ငံအလယ်ပိုင်းပြည်နယ်ဝေဟင်ပေါ်သို့ ပျံသန်းဝင်ရောက်လာသော **(အပေါ်ပုံ)** အမေရိကန်သူလျှိုလေယာဉ်တစ်စင်းကို အီရန်တပ်ဖွဲ့ဝင်များက ပစ်ချခဲ့ကြောင်း အီရန်အမျိုးသားလုံခြုံရေးအရာရှိတစ်ဦးက ဇူလိုင် ၂၀ရက်တွင် ပြောကြားသည်။

၎င်းလေယာဉ်သည် ဖော်ဒိုချူကလီးယားစက်ရုံအနီး ပျံသန်းထောက်လှမ်းနေစဉ် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါသူလျှိုလေယာဉ်သည် အမေရိကန်အမျိုးသားထောက်လှမ်းရေးအတွက် သတင်းအချက်အလက်များ ရယူပေးနေခြင်းဖြစ်ကြောင်း အီရန်လုံခြုံရေးအရာရှိ ဒါဖ်ဆာရီက ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားစီမံကိန်းကို ငြိမ်းချမ်းရေးအတွက် အသုံးပြုရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အီရန်အရာရှိများက ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဥဇဘက်ကစ္စတန်၌ အင်အားပြင်း ငလျင်လှုပ် အနည်းဆုံး ၁၃ ဦး သေဆုံး

အောမာတီ(ဥဇဘက်ကစ္စတန်) ဇူလိုင် ၂၀

အာရှ၏ ဗဟိုအချက်အချာကျရာ ဥဇဘက်နိုင်ငံ ဖာဂါနာတောင်ကြားဒေသ၌ ဇူလိုင် ၂၀ ရက်က အင်အားပြင်းငလျင်လှုပ်ခဲ့သဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံ၌ အနည်းဆုံး လူ ၁၃ ဦး သေဆုံးသွားခဲ့ကြောင်း ဥဇဘက်ကစ္စတန် အရေးပေါ်ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

သတင်းထုတ်ပြန်

အဆိုပါငလျင်သည် ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိပြီး ဥဇဘက်ကစ္စတန်နိုင်ငံ အရှေ့ပိုင်း ဖာဂါနာမြို့ အနောက်တောင်ဘက် ၂၆ မိုင်အကွာကို ဗဟိုပြုလျက် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ လေ့လာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ပြည်ထောင်စုဝန်ကြီး ဦးညွန့်ထွန်းအောင်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ နှစ်ဖွဲ့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညွန့်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Changjiang Waterway Bureau ဒုတိယဉက္ကဋ္ဌ Mr. Zhou Xiang Shu နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ (ဓာတ်ပုံ) ရန်ကုန်မြစ်ကြောင်းနှင့် ဧရာဝတီမြစ်ကြောင်း ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Great Industry Corporation ဒုတိယဉက္ကဋ္ဌ Mr. Xexing နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံကြရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၀

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုအဆင့်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူ အသက် ၁၀ နှစ်မှ ၁၄ နှစ် သက်ငယ်အုပ်စုကလေးများအား ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်း ထပ်မံ ဖြည့်ဆည်းပေးရန်နှင့် အဆိုပါကလေးများအား အခြေခံပညာအလယ်တန်းအဆင့်သို့ ဆက်လက်သင်ယူခွင့် ရရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေရှိ မြို့နယ်များ၌ ဖွင့်လှစ်မည့် အခြေစိုက်စခန်း ၁၀ ခုသို့ သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်လျက်ရှိကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းကို အဘက်ဘက်က ဝိုင်းဝန်းကူညီပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်ညှိနှိုင်းရေးမှူး ဆရာကြီး ဦးတင်ညိုက ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုအဆင့်နည်းပြသင်တန်းဆိုင်ရာ ဆောင်ရွက်ချက်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယနေ့ဖွင့်လှစ်သော ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုအဆင့် နည်းပြသင်တန်းကို ဇူလိုင် ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

ရေဘေးကြိုတင်ကာကွယ်ရေး အင်္ဂပူ၌ သရုပ်ပြ

အင်္ဂပူ ဇူလိုင် ၂၀

ဟင်္သာတခရိုင် အင်္ဂပူမြို့၌ ငဝန်မြစ် အနောက်ဘက်ကမ်း၊ အမြိုင်း၊ ဂျမ်းပြင် ရေကာတာ တာမိုင် (၂/၀) ရှိ ရေကင်းတဲ အမှတ်(၇)တွင် ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဆည်မြောင်းဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်လွင်က တာပေါ်ရေလျှံခြင်း၊ တာအိတာလျှောခြင်း၊ ရေပေါက်ပေါက်ခြင်း၊ သဲပွက်ထခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ရေဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စများကို အသေးစိတ် ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျေးလက်နေပြည်သူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး စာပေဟောပြောပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များဖြစ်ကြသော ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)နှင့် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) တို့သည် ကျေးလက်နေပြည်သူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ အသိပညာ ဗဟုသုတပြန့်ပွားရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း စာပေဟောပြောပွဲများသို့ သွားရောက်ဟောပြောခဲ့ကြသည်။

ယင်းသို့ ဟောပြောရာ၌ ဇူလိုင် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာနှင့် ဇူလိုင် ၁၀ ရက်အထိ မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာတို့တွင် ည ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့ အထက (၂၀)နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မန္တလေးမြို့ အထက (၁၀) ၌လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တံတားဦးမြို့နယ် ချောင်းခွကျေးရွာ၌လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့ မြမန္တလာဟိုတယ်၌ လည်းကောင်း ဟောပြောခဲ့ကြသည်။

ပေါင်းစပ်ညှိနှိုင်း

အဆိုပါ စာပေဟောပြောပွဲများ ဖြစ်မြောက် အောင်မြင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရုံးများက သက်ဆိုင်ရာကျောင်း၊ မြို့နယ်၊ ကျေးရွာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုးကောင်း၌ မီးလောင်မှုဖြစ်ပွား

မိုးကောင်း ဇူလိုင် ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ မိုးကောင်းမြို့ မီးသတ်စခန်းမှ မီးသတ်မော်တော်ယာဉ်နှင့်အတူ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ငြိမ်းသတ်ခဲ့ကြသဖြင့် အခြားနေအိမ်များသို့ ကူးစက်မှုမရှိဘဲ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်၌ မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဝါးထရံကာ၊ ပျဉ်ခင်း၊ ဓနိမိုး ခြေတံရှည်နေအိမ်တစ်လုံး ဆုံးရှုံးပြီး အဆိုပါအိမ်တွင်နေထိုင်သူ ဒေါ်ခါးတောင်အား မိုးကောင်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၆၂)**

ရှင်းလင်းတင်ပြ

မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ပန်းခြံရှေ့ ရုံးလမ်းဘေး အုတ်ရေမြောင်း ပြုလုပ်ပြီးစီးမှုကို ဇူလိုင် ၆ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုအဆင့်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၂၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၈	၂၄	နေရာစိပ်စိပ်မိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၇	၂၁	နေရာစိပ်စိပ်မိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၂	၁၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၅	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာစိပ်စိပ်မိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၁	၂၅	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၁	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၈	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၈	၂၅	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးအသင့်အတင့်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးရွာ	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီက ပင်လောင်းမြို့နယ်အတွင်းရှိ နဂါးဘိလပ်မြေစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး နဂါးဘိလပ်မြေကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ပြည်နယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ဘိလပ်မြေအိတ် ၁၀၀၀ကို ပြည်နယ်ဝန်ကြီးချုပ်ထံ လှူဒါန်းသည်။

ဆက်လက်၍ ခြသေ့်ဘိလပ်မြေစက်ရုံ (တီကျစ်)သို့ ရောက်ရှိရာ စက်ရုံမှ ပြည်နယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ဘိလပ်မြေအိတ် ၁၀၀၀ကို ပြည်နယ်ဝန်ကြီးချုပ်ထံလှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် ပင်လောင်းမြို့နယ် ဆောင်းဆီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်နယ် ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက အလှူငွေ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပင်လောင်းမြို့နယ် ကုန်စည်ဒိုင်ဖွင့်လှစ်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တုန်ဟုန်းတံတားတည်ဆောက်ရေးစီမံကိန်း၌ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ ကျင်းပသော ၂၀၁၁ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲသို့တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၂၀-၇-၂၀၁၁

ဟုမ္မလင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟုမ္မလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂ ရက် နံနက်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ဟုမ္မလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်က ပျိုးပင်များကို တက်ရောက်လာကြသော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပေးအပ်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုးပင် ၁၀၀၀၊ ခရေပင် ၁၀၀ နှင့် မဟော်ဂနီပင် ၁၀၀ စုစုပေါင်း ၁၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ကြာအင်းဆိပ်ကြီး၌ ကျင်းပ

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက် ၇ နာရီက မြို့အဝင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောကပေါ်ထူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ရတနာတန်းဝင်ကျွန်းနှင့် အခြားပျိုးပင်ပေါင်း ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်သစ်တောဦးစီး)

ပေါင်မြို့နယ် နတ်ကြီးချောင်-ဥက္ကံ ကျေးရွာချင်းဆက်လမ်းဘေးဝဲယာတွင် ဇွန် ၁၁ ရက်က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ပေါင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက အရိပ်ရပင်၊ စားပင်၊ ရတနာတန်းဝင် ကျွန်းပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၁၂၄)

မိုင်းတုံမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက် နံနက်က မြန်မာ့သစ်လုပ်ငန်း မိုင်းတုံသစ်ဆိပ်အနီး၌ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၂၆၅ ပင်၊ ပျဉ်းကတိုးပင် ၂၆၀၊ ယူကလစ် ၁၇၅ ပင်၊ အောရီးရှား ၁၇၅ ပင်နှင့် မဲဇလီပင် ၁၄၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ပြည်နယ် ပြန်/ဆက်)**

ရွှေကူမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွှေကူမြို့နယ် သဘော်အင်းကျေးရွာအုပ်စု သဘော်အင်းကျေးရွာတွင် ဇွန် ၃၀ ရက်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်အောင်ညို၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးချစ်လွင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်စိန်၊ သဘော်အင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် ရွာသူရွာသားများက ရတနာတန်းဝင် ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၇၃)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ နောင်ချို၌ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က သပြေရေတောင်ပေါ်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်လှိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၅၀ ကျော် တက်ရောက်ပြီး ကျွန်း၊ ယူကလစ်၊ ခရေ၊ ခါတော်မီနှင့် ရေသင်းဝင် ပျိုးပင် စုစုပေါင်း ၅၅၀ စိုက်ပျိုးခဲ့ကြသည်။

နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီကာလအတွင်း ကျွန်း၊ ယူကလစ်၊ ခရေ၊ ခါတော်မီ၊ ရေသင်းဝင်နှင့် မဲဇလီ စသည့် လူထုဖြန့်ပျိုးပင် ၁၆၀၀၀ ကို ဖြန့်ဝေစိုက်ပျိုးပြီးစီးခဲ့ပြီး ဌာနဆိုင်ရာများ၌ စီးပွားရေး (ကျွန်း) စိုက်ခင်း ဧက ၁၅၀ တည်ထောင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း သတင်းအတိုအထွာ

၂၀-၇-၂၀၁၁

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ခိုလန်မြို့နယ်ခွဲ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက ခိုလန်မြို့နယ်ခွဲ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် နမ့်စန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဒေစီဝမ်းက ခိုလန်မြို့နယ်ခွဲ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲအတွက် မတည်ငွေ ကျပ်တစ်သိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အလှူငွေများ၊ နမ့်စန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျောင်းဝတ်စုံများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ *(မြို့နယ် ပြန်/ဆက်)*

အခွန်ပညာပေးဆွေးနွေးပွဲ ရေစကြိုတွင်ကျင်းပ

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇွန် ၁၇ ရက်က အခွန်ပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သူက ဝင်ငွေခွန်ကြေညာလွှာများရှင်းလင်းပြီး ဒုတိယ အခွန်ဦးစီးမှူး ဒေါ်ဌေးဌေးက အခွန်အရပ်ရပ်ဆိုင်ရာများကို ဟောပြောဆွေးနွေးကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို အခွန်ဦးစီးမှူး ဦးကျော်သူက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(၀၆၉)**

သိပ္ပံနည်းကျစိုက်နည်းစနစ် အင်းတော်မြို့နယ်၌ သရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမန်နေဂျာရုံးမှ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော် ဦးဆောင်သော စိုက်ပျိုးနည်းပညာပေးအဖွဲ့ အမှတ် (၅)သည် ဇွန် ၁၅ ရက်က အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာတွင် တောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီး တောင်သူ ဦးမြ၏လယ်ကွက်၌ ဆင်းဧကရီ (၃)စပါးမျိုး တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိရေးအတွက် ပေါင်စနစ်ဖြင့် ပျိုးထောင်နေမှုကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ *(၀၃၀)*

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အောင်မြေသာစံ၌ ဟောပြော

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက်က အောင်မြေသာစံမြို့နယ် ၁၉ လမ်း နန်းရှေ့အောင်ရတနာဗိမာန်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာမှူး ဦးလှကြည်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်လှိုင်ဝင်းတို့က လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရန် ရှောင်ရန်ကိစ္စများကို ဓာတ်ပုံမှတ်တမ်းများဖြင့် အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၆)**

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ လားရှိုး၌ ကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများကို လားရှိုးမြို့ အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်းနှင့် လားရှိုးတက္ကသိုလ်တို့တွင် ဇွန် ၁၈ ရက်နှင့် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရှိရသည်။ *(၄၀၁)*

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကောလင်း၌ဆောင်ရွက်

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို ဇူလိုင် ၃ ရက် ညနေပိုင်းက ကောလင်းမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ဆောင်ရွက်ကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်ခြင်း၊ ရွှံ့နွံ အမှိုက်သရိုက် ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၉၂)**

ပညာသင်ထောက်ပံ့ကြေး ချောင်းဦးမြို့နယ်၌ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၂၂ ရက် မွန်းတည့်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သိန်းနီ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဟောပြော

သိန်းနီမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇူလိုင် ၆ ရက် နံနက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုအဆင့်(၁) ဒေါ်ဟေမာက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်းအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကြိုတင်ကာကွယ် မြွေအန္တရာယ်

ရှင်ဇာနန္ဒ(မဟာသိပ္ပံ-သတ္တဗေဒ)

မြွေများသည် အုံ့ဖွယ်တွားသွားသတ္တဝါများဖြစ်၏။ သိပ္ပံပညာရှင်များ၏ အဆိုအရ ဆင့်ကဲဖြစ်စဉ်တွင် ကြက်များ၊ ငှက်များသည်ပင် တွားသွားသတ္တဝါ မြွေများကဲ့သို့သော မျိုးရင်းမှ ဆင်းသက်လာသည်ဟု ယူဆကြလေသည်။ ကြက်များ၏ ခြေထောက်မှအကြေးခွံများသည်လည်းကောင်း၊ ကြက်များ၏ လျှာများသည်လည်းကောင်း တွားသွားသတ္တဝါများမှ ဆင်းသက်လာသည့် လက္ခဏာသက်သေများဖြစ်သည်ဟု ပညာရှင်များက ယူဆကြလေသည်။

မည်သို့ပင်ဆိုစေ မြွေများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာများစွာရှိ၏။ အိန္ဒိယနိုင်ငံဒေသအချို့တွင် မြွေဟောက်များကို နတ်သမီး၊ နတ်ဘုရားများ ဝင်စားသည်ဟုယုံကြည်ကာ ပူဇော်ပသမှုများပင်ရှိ၏။ မြွေကိုက်လျှင် ဆေးရုံ၊ ဆေးခန်းသို့ မသွားကြဘဲ ပူဇော်ပသမှုများကြောင့် အသက်ဆုံးရှုံးရသည်ဟု ဒေသခံဆရာဝန်ကြီးတစ်ဦးက ဆို၏။ ၎င်းကပင် မြွေနှင့်ပတ်သက်၍ အယူသီးမှုကြောင့် ကျန်းမာရေးအသိပညာပေးရန် အခက်အခဲများစွာ ကြုံတွေ့ရသည်ဟုဆိုသည်။

အဝတ်ခေါက်တင်ခြင်း
- **မြွေကိုက်ခံရသည့်နေရာကို ရှိရာသန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ။ အားဖြင့်ဖိ၍ မပွတ်ရ။ ရေအလွယ်တကူရနိုင်လျှင် ရေနှင့်ဆေးပါ။**
- **အဝတ်ခေါက်ထူထူ (သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ရော်ဘာရေမြှုပ်စ ၃×၃×၁.၅ လက်မ အရွယ်တစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။**
- **လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ တင်ပါ။**

မြွေနှင့်ပတ်သက်၍ မြွေအလမ္ပာယ်ဆရာများက ပလွေမှုတ်၍ စေလိုရာစေခိုင်းတတ်ကြလေသည်။ အမှန်၌ မြွေများသည် နားမရှိဟုဆို၏။ သို့သော် တုန်ခါမှုများကို ကောင်းစွာခံစားသိရှိနိုင်သည်ဆို၏။ ၎င်းတို့၏ အစာရေမျို ဖွဲ့စည်းပုံမှာလည်း အခြားသက်ရှိများနှင့်မတူဘဲ ပါးစပ်ကိုလိုသလောက်ဟ၍ မိမိထက်အဆများစွာကြီးမားသော သားကောင်များကို မျိုချနိုင်ခြင်းဖြစ်လေသည်။ အစာချေရည်မှာလည်း မျိုချသောသားကောင်ကို ကြေညက်စေနိုင်သော အာနိသင်ရှိ၏။ ထို့ကြောင့် သားကောင်တစ်ကောင်မျိုချပြီးနောက် ရက်ပေါင်းများစွာ အစာမစားဘဲ နေနိုင်သည်ဟုဆိုသည်။

မြွေများသည် ရန်မူတတ်သောသတ္တဝါမျိုးမဟုတ်ပေ။ သူ့သဘာဝအလျောက် တစ်နေရာရာ၌ ခွေ၍ငြိမ်ဆိတ်စွာရှိနေတတ်သည်။ အနီးအနားသို့ကပ်လာသော သားကောင်များအား ရုတ်တရက်ပေါက်၍ ဖမ်းစားတတ်သည်။ သားကောင်ကို ရစ်ပတ်၍ ညှစ်သတ်ပြီးမှမျိုချတတ်သည်။ မြွေများ၏ အစာများတွင် အဓိကအားဖြင့် ကြွက်များ၊ ဖားများ၊ ငှက်များဖြစ်ပြီး အချို့မြွေများက လူသားများကိုပင် ပေါက်သတ်ကာ မျိုချနိုင်သည်ဟုဆိုသည်။



ငြိမ်သက်စေခြင်း
- **ခြေထောက်ကို ပတ်တီးစည်းပြီးလျှင် မလှုပ်ရှားအောင် ကျပ်စည်းရမည်။**
- **ရှည်လျားသောဝါးခြမ်း (သို့မဟုတ်) သစ်သားချောင်းဖြင့် မြွေကိုက်ခံရသော ခြေ၊ လက် တစ်ချောင်းလုံးကိုကပ်၍ ကျပ်စည်းပါ။**
- **ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့် အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။**
- **ခြေ၊ လက် တစ်ချောင်းလုံးမီသော တုတ်ချောင်းမရလျှင် ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလို ဆက်၍ သုံးနိုင်သည်။**

မြန်မာနိုင်ငံသည် မြွေပေါသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြွေကိုက်ခံရမှုနှင့် မြွေကိုက်၍ သေဆုံးမှုနှုန်းအများဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်နေလေသည်။ ၁၉၉၃ ခုနှစ် မြွေကိုက်မှုအကြိမ် (၁၄၀၀၀) ကျော်ရှိခဲ့ပြီး ၂၀၀၀ ကျော်ခန့် သေဆုံးခဲ့ကြောင်းတွေ့ရလေသည်။ အမှန်၌ ဤကိန်းဂဏန်းသည် ဆေးရုံသို့ရောက်လာသော စာရင်းဇယားဖြစ်ပြီး ပြင်ပ၌မြွေကိုက်ခံရသော လူနာများမပါရှိပေ။ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၁ ခုနှစ်အရ အရေးကြီးသောရောဂါများ၏ ဦးစားပေးစာရင်း၌ ရောဂါမျိုးပေါင်း ၄၂ ခုအနက် မြွေကိုက်ရောဂါမှာ ၁၁ နေရာ၌ ရှိနေလေသည်။ ဤသို့ မြွေဆိုးကိုက်၍ သေဆုံးရမှုတွင် အဆိပ်ပြင်းသော မြွေများကြောင့် အဓိကဖြစ်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ အဓိကတွေ့ရသော အဆိပ်ရှိမြွေများမှာ မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကျား၊ ငန်းမြွေ၊ သံကွင်းစွပ်၊ ဂျပ်မြွေ၊ မြွေစိမ်းမြီးခြောက် စသည်တို့ ဖြစ်သည်ဟု ဆိုသည်။ ဤမြွေများသည် တွင်းများ၊ သစ်ခေါင်းများ၊ သစ်ရွက်ပုံ၊ ချုံပုတ်၊ ကောက်လှိုင်းပုံ၊ ဝါးပုံ၊ သစ်ပင်များအပေါ် စသည်တို့၌ ခိုအောင်းနေထိုင်တတ်ကြသည်။ အစာစားရန်၊ မိတ်လိုက်ရန် အပြင်ထွက်လေ့ရှိပြီး ရေလည်းကျွမ်းကျင်စွာကူးတတ်သည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် မိတ်လိုက်လေ့ရှိသည်။ အမှန်၌ လူကိုကြောက်ရွံ့တတ်သည့် သဘောရှိ၏။ လူတို့က တက်နင်းမိ၊ ကိုင်တွယ်မိမည့် အခြေအနေမျိုးကြောင့် တုံ့ပြန်ကိုက်ပေါက်ခြင်းသာဖြစ်သည်။ ထူးခြားချက်မှာ မြွေပွေးများဆိုလျှင် အကောင်ကြီးများထက် အကောင်ငယ်များက အဆိပ်ပို၍ပြင်းသည့်အပြင် ပို၍ရန်မူတတ်သည်ဟု ဆိုသည်။

မြွေများသည် တွားသွားသတ္တဝါများဖြစ်၍ ကိုက်ပေါက်သည့်အခါ လူတို့၏ လက်များနှင့်ခြေထောက်များကိုသာ အဓိကလက်လှမ်းမီ၍ ကိုက်ပေါက်လေ့ရှိသည်။ ထို့ကြောင့် မြွေကိုက်ခံရသောနေရာသည် ခြေဖဝါး၊ လက်ဖဝါး၊ ခြေသလုံး၊ လက်မောင်းများ၌ အဓိကတွေ့ရလေသည်။ အစွယ်ရာနှစ်ခု တွေ့ရတတ်ပြီး သွေးအနည်းငယ်သာစို့၍ ရှိနေတတ်သည်။ မြွေများသည် အစာရှာရင်း လူတို့၏ အိမ်ထဲသို့ပင် ဝင်လာတတ်သည်။ အိမ်ထဲရှိ ချောင်ကြို ချောင်ကြားထဲ၌ ဝင်ခိုနေတတ်သည်။ အိုးထဲဝင်၍ခွေတတ်သည်။ ထို့ကြောင့် မြွေပေါသောအရပ်၌နေထိုင်လျှင် အိမ်ထဲသို့ မြွေမဝင်နိုင်အောင် အပေါက်အတား၊ အကာအကွယ်များပြုလုပ်ထားရန်လိုလေသည်။ အိုးထဲသို့ မကြည့်မရှုဘဲ လက်ဖြင့်မနှိုက်ရ။ မြွေဝင်နိုင်သည့် အပေါက်များကို အုတ်ခဲများဖြင့် ပိတ်ဆို့ထားရမည်။

မြွေကိုက်မှုဖြစ်ပွားရာနေရာများတွင် လယ်ယာတောများသည်လည်း အဓိကနေရာများဖြစ်၏။ ထို့ကြောင့် ကောက်ရိတ်ကာလ၌ မြွေအန္တရာယ်ကာကွယ်ရန် စပါးမရိတ်မီ တုတ်များဖြင့် မြွေများခြောက်လှန့်၍ မောင်းထုတ်ရန်လိုသည်။ လယ်ယာ တောထဲသွားသည့်အခါ လည်တံရှည်ဘွတ်ဖိနပ်များ စီးရန်လိုသည်။ ကောက်ရိတ်သောအခါ ရော်ဘာလက်အိတ်ရှည်များ၊ ခြေအိတ်ရှည်များစွပ်၍ အကာအကွယ် ပြုလုပ်ထားရမည်ဖြစ်သည်။

မြွေအန္တရာယ် ကာကွယ်ရန်အတွက် တစ်ဦးချင်းစီက ကာကွယ်ရန် ပြင်ဆင်မှုများလိုအပ်သလို စုပေါင်း၍ ကာကွယ်မှုပြုလုပ်ကြရန်လည်း လွန်စွာအရေးကြီးသည်။ မြွေကိုက်လူနာရှိလာလျှင် အမြန်ဆုံးဆေးရုံအရောက် ပို့ဆောင်ရေး၊ မြွေကိုက်လူနာအား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်ပြုစုပေးရေးနှင့် မြွေအဆိပ်ဖြေဆေးများ အလုံအလောက်ထားရှိရေးတို့ကို လုပ်ဆောင်ထားကြရန် ဖြစ်လေသည်။ ဆင်းရဲချမ်းသာမရွေး မြွေကိုက်ခံရပါက အသက်မသေစေရ၊ ကယ်တင်နိုင်ရန် မိမိတို့အရပ်ဒေသ၌ ပြင်ဆင်ထားပြီး ဖြစ်စေကြရမည် ဖြစ်ပါသည်။

ကျေးရွာများအနေဖြင့် ထော်လာဂျီ၊ နွားလှည်း၊ မြင်းလှည်း၊ ဆိုင်ကယ်၊ စက်ဘီးများ အချိန်မရွေး အသုံးပြုနိုင်အောင် အမြဲအသင့်ထားရှိရမည်။ တာဝန်



လမ်းခုလတ်တွင် အသက်ရှူရပ်ပါက အသက်ရှူအထောက်အကူပြုခြင်း
- **မြွေဟောက်၊ ဂျပ်မြွေ၊ ငန်းပုပ်၊ ငန်းတော်ကျားနှင့် သံကွင်းစွပ်မြွေများ အကိုက်ခံရပါက အသက်ရှူရပ်၍ သေဆုံးတတ်သည်။**
- **ထို့ကြောင့် ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်သော ခရီးတစ်လျှောက်လုံး ရနိုင်သောနည်းဖြင့် အသက်ရှူအားကူပေးလာရမည်။**

ချထားမှုမျိုး၊ အသိပေးမှုမျိုး ပြုလုပ်ထားရမည်။ အရေးပေါ် ချက်ချင်းသယ်ပို့ရေးယာဉ်များ ရှိနေစေရမည်။ ၎င်းနောက် ရှေးဦးသူနာပြုစုနည်းကို လူတိုင်းတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးထားရမည်။ မြွေကိုက်ရာနေရာကို ရေဖြင့်ဆေးကြောခြင်း ပြုလုပ်ပြီး အနီးပိတ်စ အုပ်ထားရမည်။ နည်းနည်းသာဖိသိပ်ပြီး ကြိုးဖြင့်ချည်ထားရမည်။ မြွေဆိပ်များ ခန္ဓာကိုယ်ပြန်ရည်ကြောများမှတစ်ဆင့် မပြန့်စေရန်ဖြစ်သည်။ အကိုက်ခံရသော ခြေ သို့မဟုတ် လက်ကိုဆန့်တန်း၍ မလှုပ်ရှားဘဲ ငြိမ်နေစေရန် အမာခံဝါးခြမ်းပြားဖြစ်စေ၊ သစ်သားတုတ်ချောင်းအမာ တစ်ခုခုနှင့်ဖြစ်စေ ချည်နှောင်ရပါမည်။ ပြီးလျှင် ရရာယာဉ်ဖြင့် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ပို့ဆောင်ရပါမည်။ ဆေးရုံရောက်လျှင် ဒဏ်ရာအထက်ဘက်တွင် နောက်ထပ်ပတ်တီးတစ်ခု စည်းနှောင်ပါ။ ပြီးမှ ဒဏ်ရာပေါ်ရှိ ပတ်တီးကို ဖြေရမည်ဖြစ်ပါသည်။ သို့သော် ဆေးရုံ၌ မြွေဆိပ်ဖြေဆေးရှိသည်ဟုသိရမှ ဖြေရန်ဖြစ်ပါသည်။ မြွေဆိပ်ဖြေဆေး အတိအကျသိနိုင်ရန် မိမိကိုကိုက်သည့်မြွေအမျိုးအစားကို ပြောပြနိုင်ရမည် ဖြစ်ပါသည်။ မိမိကိုကိုက်သည့်မြွေအား တစ်ပါတည်းယူလာနိုင်ပါက ယူလာ၍ ပြသရမည်ဖြစ်သည်။

ဤနည်းဖြင့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။ လမ်းခရီး၌ လူနာ အသက်ရှူမရဖြစ်ပါက အသက်ရှူထောက်ကူပေးနည်းဖြင့် အသက်ရှူနိုင်အောင် ပြုလုပ်ပေးရမည်။ တစ်ဆက်တည်းမှာပင် မြွေကိုက်လျှင် ဒဏ်ရာကို မီးစဖြင့် တို့ထိုးခြင်း၊ ဓားဖြင့်ခွဲခြင်း၊ ပွတ်ခြင်း၊ နှိပ်ခြင်း၊ ဆေးလိမ်းခြင်းမပြုရ။ မြွေကိုက်လူနာအား အရက်မတိုက်ရ။ အဆိပ်ကြောင့် ကယောင်ကတမ်းဖြစ်သည်ကို အပမှီသည်ဟု ယူဆခြင်းမျိုးရှိတတ်သည်။ လွဲမှားသော အယူသီးမှုမျိုးကို ရှောင်ရပေမည်။ မြွေဆိပ်များသည် ပြန်ရည်ကြောမှတစ်ဆင့် ခန္ဓာကိုယ်သို့ ပျံ့နှံ့သွားရခြင်းဖြစ်ရာ လူနာ ငြိမ်သက်စွာရှိနေရန်နှင့် မလိုအပ်သော အပြုအမူများ မပြုမူမိစေရန် အထူးသတိပြုရပါမည်။

ထို့ကြောင့် မြွေအန္တရာယ်သည် စုပေါင်းကာကွယ်ရန်လိုသလို တစ်ဦးချင်းအနေဖြင့်လည်း ကာကွယ်ရန် လိုအပ်လှပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပတ်တီးစည်းခြင်း
- **အဝတ်ခေါက်၏ အပေါ်တွင် ပတ်တီးကဲ့သို့ အဝတ်စ (သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံ၊ တင်းရုံ (ခြေဆစ်လက်ဆစ်များနာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ)စည်းပါ။**

ဓာတ်မြေဩဇာနှင့် ချေးငွေပေးအပ်

ကြို့ပင်ကောက် ဇူလိုင် ၂၀

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် တောင်သူများသို့ ဓာတ်မြေဩဇာနှင့် ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွှေပြားဆန်စပါးအထူးပြုကုမ္ပဏီ၏ ကိုပြားကြီးဆန်စက်၌ ကျင်းပရာ ကြို့ပင်ကောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဒေါ်မာမာအောင်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ မြို့နယ်မန်နေဂျာ ဦးကျော်ဝင်းတို့က စိုက်နည်းစနစ်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို ရှင်းလင်းပြောကြားသည်။

ပထမအကြိမ်ပေးအပ်

ထို့နောက် ရွှေပြားဆန်စပါးအထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးခင်မောင်ဝင်းက လေ့တုန်းကျေးရွာအုပ်စုရှိ တောင်သူ ၃၀ ၏ ဧက ၂၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာ တစ်ဧကလျှင် တစ်အိတ်နှုန်း၊ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းကို ပထမအကြိမ်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၁၁၁)

နောင်ချိုမြို့နယ်၌ ကတ္တရာခင်း ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေ



နောင်ချို ဇူလိုင် ၂၀

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် မြစိမ်းသာ(၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

လွယ်ကူချောမွေ့

အဆိုပါလမ်းမှာ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ ထု သုံးလက်မရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၈၁၅၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်းနှင့် လမ်းပြီးစီးသွားသဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဇူလိုင် ၁၂ ရက်က ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးသန့်နိုင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဖြိုးဝေအောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ငွေကြေးအထောက်အပံ့ပေးနိုင်ရေး ပုဂ္ဂလိကငွေစုငွေချေးအသင်းများ ထူထောင်နိုင်ရန် ဝိုင်းဝန်းစည်းရုံးကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ၌ တောင်သူလယ်သမားများ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးသူများ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်းဝင်များ၊ သမဝါယမလုပ်ငန်းများနှင့်ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် ငွေကြေးအထောက်အပံ့ လိုအပ်ကြောင်း၊ ငွေကြေးအထောက်အပံ့အတွက် အစိုးရက တစ်နိုင်ငံလုံးသို့ အစစတာဝန်ယူ ထောက်ပံ့ပေးနိုင်ရေးထက် ပုဂ္ဂလိကငွေစုငွေချေးအသင်းများကို လုပ်ငန်းရှင်များအား စည်းရုံး၍ ထူထောင်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ငွေစုငွေချေးအသင်းသည် အဓိကကျသောကြောင့် ပုဂ္ဂလိကငွေစုငွေချေး အသင်းများ ပေါ်ပေါက်လာစေရန် မိမိနှင့် နီးစပ်ရာတွင် ဝိုင်းဝန်းစည်းရုံးကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ရှိ သမဝါယမဘဏ်၌ ပြည်သူများ၏ ငွေထုတ်၊ ငွေသွင်းနှင့် ငွေလွှဲပေးပို့မှုများအား E-banking စနစ်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့နှင့်အတူ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများ၊ သမဝါယမအသင်းသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းတူအစုအဖွဲ့

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လှိုင်းဘွဲ့မြို့နယ်ခန်းမ၌ မြို့နယ်သမဝါယမအသင်းစုနှင့် ဈေးသမဝါယမအသင်းဝင်များ၊ မြို့ပေါ်ရှိ လက်လုပ်လက်စား အလုပ်သမားများနှင့်လည်းကောင်း၊ ထီလုံကျေးရွာ စစ်မှုထမ်းဟောင်းရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းများနှင့်လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းတူအစုအဖွဲ့များ ဖွဲ့စည်း၍ အရင်းအနှီးငွေကြေးနှင့် နည်းပညာ အကူအညီပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ညပိုင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပြည်နယ်အတွင်း မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့်လက်လုပ်လက်စားများ ငွေစုငွေချေးအသင်းများ မြို့နယ်ခုနစ်မြို့နယ်၌ ဖွဲ့စည်းရေး၊ အခြားသောငွေစုငွေချေးသမဝါယမအသင်း၊ စံပြဈေးသမဝါယမအသင်းကြီးများ မျိုးတူစု သမဝါယမအသင်းများဖွဲ့စည်းရေးတို့ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ရှိ အခြေခံရက်ကန်းသင်တန်းကျောင်း၊ ပြည်နယ်နှင့်မြို့နယ်သမဝါယမဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၁၁(ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ဓမ္မဂီတသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မဇ္ဈိမပဋိပဒါလမ်းစဉ်** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ဣန္ဒက)
၆:၄၀	ကံကူထွင်ဗျူခေါင်ပိတ်ချင်းမြောင်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၁၃)
၈:၅၀	မဟာဂန္ဓာရုံကျောင်းတိုက်မှ အလှူဒါန (အမရပူရမြို့)
၉:၀၅	ကေသီပန်ဦးလှမြင့်၏ ဘဝ မှတ်တမ်းစာအုပ်မိတ်ဆက်ခြင်း အခမ်းအနား
၉:၂၀	Activities in the City (Myanmar Noble College ဖွင့်ပွဲအခမ်းအနား)
၉:၃၅	ဤကမ္ဘာမြေပေါ်တစ်လွှားဝယ် (ဆရာဦးအုန်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀:၀၀	စိုက်ပျိုးအောင်မြင်… စပ်ခရမ်းချဉ်
၁၀:၁၅	ဇလွန်ဧရာကုမ္ပဏီလီမိတက်၏ အဆင့်မြင့်ဆန်စက်ဖွင့်ပွဲ အခမ်းအနားနှင့် တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနား
၁၀:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၅	The Champion of Dance
၁၁:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ 2011 Eureka Express Trading Co., Ltd. အရောင်းပြခန်း)
၁၂:၃၅	IBTC မှ … မေတ္တာဝေ ပြည်သူတွေကျန်းမာစေ
၁:၀၀	**မဇ္ဈိမပဋိပဒါလမ်းစဉ်** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ဣန္ဒက)

၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း -၁၃)
၄:၅၅	ကောင်းခြင်းဝေဖြာ ဆံကေသာ…
၅:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ခုနစ်ထွေဇကရီ ဗီဒီယိုရိုက်ကွင်း
၅:၃၅	Myanmar Football Academy
၆:၀၀	MRTV -4 သတင်း
၆:၂၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၂)
၇:၀၅	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV -4 သတင်း
၈:၃၀	အစားအစာသန့်ရှင်းလတ်ဆတ် ဘေးကင်းရေးနှင့် ၎င်း၏ ဆက်စပ်မှုများ၊ ထိခိုက်မှုများ (ဒေါက်တာ-စိုးခိုင်)
၈:၄၀	**စကားနပန်း** (အယူသီးတာကောင်းတယ်၊ အယူမသီးတာကောင်းတယ်)
၉:၃၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၁၄)
၁၀:၂၅	အားကစားမြင်ကွင်းစုံ
၁၀:၅၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁:၁၀	အနုပညာမိုးကောင်းကင်
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၄၅	ခတ်ပုံထဲမှ အမှတ်တရများ (မိုးယံဇွန်)
၁၂:၁၅	ဂီတသရုပ်ပြခန်း (ဆုပန်ထွာ)
၁၂:၃၅	မန္တလာမြေမှ ရွှေမင်းသမီး
၁၂:၄၅	Box Office Movies (Fast & Furious 4)
၁:၁၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၁:၃၅	နွေမိုးဆောင်း ဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
၁:၅၀	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၂:၀၅	Shooting Location (ခင်ယုမေအိမ်)
၂:၄၀	လီဆူးသဘာဝရိုးရာအလှ
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	Land of Flowers
၄:၄၅	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် JICA- Myanmar ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Prof. Dr. Konosuke ODAKA, Hitotsubashi University နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ JICA Headquarter မှ Mr. Takahiro SASAKI, Deputy Director General နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် JICA-Myanmar ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၂၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥပဒေအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ်(၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား ဥပဒေအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ဥပဒေအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါသင်တန်းကို ရက်သတ္တခြောက်ပတ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ဥပဒေအရာရှိ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်မြို့ရှိ ကျောက်စိမ်းသိုလှောင်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)သို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်စိမ်းသိုလှောင်ရုံ၌ ကျောက်စိမ်းများ သိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ကျောက်စိမ်းများ သိုလှောင်သိမ်းဆည်းထားရာ၌ စာရင်းဇယားများနှင့် တိတိကျကျ မှတ်တမ်းတင်ထားရှိပြီး စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများ၌ နိုင်ငံတော်ပိုင် အရည်အသွေးမီ ကျောက်စိမ်း၊ ကျောက်မျက်များစုစည်း၍ တင်ပြရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန်၊ နောင်လာမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ ရတနာပြပွဲများ၌ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း ကျောက်မျက်များ တင်ပြရောင်းချနိုင်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ တူးဖော်လျက်ရှိသော ကုမ္ပဏီများမှ အရည်အသွေး အထူးကောင်းမွန်သည့် ကျောက်စိမ်းများ၊ ကျောက်မျက်များ ထုတ်လုပ်သွားနိုင်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ တန်ဖိုးမြင့် ကျောက်စိမ်းရုပ်တုမျိုးစုံ ထုလုပ်နိုင်သည့် နိုင်ငံခြားသားပညာရှင်များ အပါအဝင် အတတ်ပညာရှင်များအား စည်းရုံးစုစည်းသွားရန်နှင့် ပညာရပ်များကို လက်ဆင့်ကမ်းသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကုန်ကျငွေခြောက်ကျပ်ဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား အထူးအစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဘားအံမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အထူးအစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေး လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်းသည့် တွေ့ဆုံပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

လွယ်ကူလျင်မြန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် အသက် (၁၀)နှစ်ပြည့် (၁၈)နှစ်ပြည့်ထုတ်ပေးခြင်း၊ အသက် (၁၀)နှစ်ပြည့်မှ (၁၈)နှစ်ပြည့် လဲလှယ်ခြင်းနှင့် ပျက်စီး/ပျောက်ဆုံးမှုအတွက် မိတ္တူလျှောက်ထားခြင်းတို့ရှိရာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ နိုင်ငံသားများအတွက် ကတ်ပြားရရှိရန် အများဆုံး ၂၈ ရက်အတွင်း ထုတ်ပေးနိုင်ရေး ဖြေလျှော့မှုများနှင့်အတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထောက်အထားစုံလင်မှုရှိပါက နေ့ချင်းပြီးလည်း ရနိုင်ကြောင်း၊ ကုန်ကျစရိတ်အဖြစ် ကိုယ်ရေးမှတ်တမ်းပုံစံနှင့် ကတ်ပြားတန်ဖိုး စုစုပေါင်းအခငွေ ခြောက်ကျပ်သာ ပေးဆောင်ရန်ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် ယင်းကဲ့သို့ လျှော့ပေါ့မှု ဖြေလျှော့မှုများနှင့် ကုန်ကျငွေ သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို ပြည်သူများအား အသိပေးပြောကြားလိုကြောင်း၊ မရှင်းလင်းသည့်အချက်များ ရှိပါကလည်း မြို့နယ်ဦးစီးဌာနမှူးများထံ သွားရောက်စုံစမ်း ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံကာ ရွှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး မြို့နယ်ရုံးမှတ်တမ်းဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ရုံးခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူအများ အားကိုးအားထားပြုရသည့် ဆေးရုံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှုထိရောက်စေရန် ခံယူချက်ထား

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်၊ သူနာပြုများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေး/မွေးကင်းစကလေးသေနှုန်းများ ပိုမိုကျဆင်းစေရန် မိခင်နှင့်ကလေး စောင့်ရှောက်မှုလုပ်ငန်းကို အဓိကဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆင်းရဲသူများအတွက် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုပေးနိုင်ရေးအတွက် ကြိုးစားရန်လိုအပ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညောင်ခြေထောက် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကညွတ်ကွင်း တိုက်နယ်ဆေးရုံ သံဃာဆောင်ခန်းမ၌ ဖြူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ တိုက်နယ် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကညွတ်ကွင်း တိုက်နယ်ဆေးရုံတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်၍ ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပါဝင်မှုကို ရယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာ၌ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူအများ အားကိုးအားထားပြုရသည့် ဆေးရုံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးမြို့ကြီးများအပြင် မြန်မာပြည်အနှံ့အပြားရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထိရောက်မှုရှိစေရန် သဘောထားခံယူချက်များထားရှိကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့ ပြည်သူ့ကျန်းမာရေး ကွင်းဆင်းသင်တန်းဌာန သင်တန်းခန်းမ၌ သင်တန်းကျောင်း တာဝန်ခံနှင့် သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ ကျေးလက်ဒေသ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ ချစ်သူစုံတွဲ တူယှဉ်ခွဲ
၄း၂၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၃၅ ၈။ မွေးမြူသုတ
၄း၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၄)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၁)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၄၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒွိတာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အနုပညာရှင်၏တစ်နေ့တာ
၂၃။ ကုန်သွယ်သုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၃၅)
၂၆။ ဂီတရင်ခုန်သံ

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဒေါက်တာသန်းထိုက်ဦးပါ ၁၆ ဦးတို့က လျှောက်ထားသည့် ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံ တက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၂၀

အာရှအိုလံပစ်ကောင်စီနှင့် ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီ၊ ဂျပန်နိုင်ငံ အားကစားအဖွဲ့ချုပ်တို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော အာရှ အိုလံပစ်ကောင်စီ အကြိမ်(၃၀) မြောက် အထွေထွေညီလာခံ၊ ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီနှင့်ဂျပန်နိုင်ငံအားကစားအဖွဲ့ချုပ်နှစ်(၁၀၀)ပြည့် အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး **(အပေါ်ပုံ)**ဇူလိုင် ၁၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော မြန်မာ-ထိုင်း နှစ်နိုင်ငံ အိုလံပစ်ကော်မတီတို့၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. KIKUTA Makiko နှင့် လည်းကောင်း၊ Ministry of Land, Infrastructure , Transport and Tourism (MLITT) ဝန်ကြီး H.E. Mr. Akihjro OHATA နှင့် လည်းကောင်း သက်ဆိုင်ရာဌာနများ၌ တွေ့ဆုံနှုတ်ဆက်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအားကစားလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ Grand Prince Hotel, New Takanawa ၌ ကျင်းပခဲ့သော အာရှ အိုလံပစ်ကောင်စီ၏ အကြိမ် (၃၀)မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယင်းနေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Ministry of Education, Culture, Sports, Science and Technology ဝန်ကြီး H.E. Mr. Yoshiaki TAKAKI နှင့် တွေ့ဆုံနှုတ်ဆက်၍ နှစ်နိုင်ငံအားကစား ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးစွာဆွေးနွေးကြသည်။

ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် Grand Prince Hotel, New Takanawa ၌ ကျင်းပခဲ့သော ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီ၏ နှစ်(၁၀၀)ပြည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် Japan Sports 100th Anniversary Ceremony သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် Japan Sports 100th Anniversary Reception သို့လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ပွင့်လင်းစွာဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် အပြန်ခရီးတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဝင်ရောက်ခဲ့ကြပြီး ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ General Yuthasak SASIPRAPHA ဦးဆောင်သော ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအားကစား ဖွံ့ဖြိုးပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ အရှေ့တောင်အာရှဒေသတွင်း အားကစားဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး၊ မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အဖွဲ့ဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

[illegible]

ရန်ကုန် ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မြိတ်မြို့နယ်အသင်းအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဆုရ ထားဝယ်မြို့နယ်အသင်းအား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီးက လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရ ထားဝယ်မြို့နယ်အသင်းမှ မငယ်လေးလွင်အား လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဌာန ဝန်ကြီး၏ဇနီးက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ထားဝယ်မြို့နယ်အသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရ မြိတ်မြို့နယ်အသင်းအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးက လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရ မြိတ်မြို့နယ်အသင်းမှ မောင်ဘချောအား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌကလည်းကောင်း ဆုများပေးအပ်ကြပြီး ပထမဆုရ မြိတ်မြို့နယ် အမျိုးသမီးအသင်းနှင့် ထားဝယ်မြို့နယ် အမျိုးသားအသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ထားဝယ်မြို့နယ် အမျိုးသားအသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

၂၀၁၁ခုနှစ် ပဉ္စမအကြိမ်နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ညနေပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း **(အပေါ်ပုံ)**၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် သတ္တုတွင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၂၁ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ကန်လမ်း၌ ဇူလိုင် ၁၇ ရက်က ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းသန့်ရှင်းရေးချုံနွယ်များရှင်းလင်းခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် မြို့မဈေးအတွင်း ခြင်နှင့်ယင်များ ကင်းစင်ရေးအတွက် ဇူလိုင် ၈ ရက်က ဒုတိယဦးစီးမှူး(ဈေး)၊ ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သည့် ကြံ့ခိုင်ရေးရပ်ကွက် စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှုကို ဇူလိုင် ၇ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၂၆ ရက်က ဝါးခယ်မမြို့နယ် မြို့မဈေးကြီး၌ ဦးဝင်းမြင့်ဟန် ဒုတိယဦးစီးမှူး(ဈေး)နှင့် အဖွဲ့ဝန်ထမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းကို ပြန်လည်တူးဖော်ကြစဉ်။ (မြို့နယ်စည်ပင်)

မြောက်ဦးမြို့နယ် မြို့မဈေးတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာရုပ်ရှင်

အကောင်းဆုံး သရုပ်ဆောင်ဆုအတွက် ကိတ်ဝင်းစလက် အမည်စာရင်းတင်သွင်းခံရ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ လာမည့်စက်တင်ဘာလတွင် ကျင်းပမည့် (၆၃)ကြိမ်မြောက် Primetime Emmy Awards ဆုအတွက် အမည်စာရင်းများထုတ်ပြန်ရာတွင် "Mildred Pierce" ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် **(အပေါ်ပုံ)**မှာ အကောင်းဆုံးဆုအတွက် ရွေ့ဆုံးမှအမည်စာရင်းထွက်လာသည်။

၎င်းဇာတ်ကားမှာ အိတ်ချ်ဘီအိုရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့သော ဇာတ်ကား ဖြစ်သည်။ ယင်းဇာတ်ကားတွင် ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်၏ ထူးခြားသော သရုပ်ဆောင်မှုဇာတ်ဝင်ခန်းများပါဝင်ရာ ပရိသတ်များနှစ်သက်အားပေးမှုရရှိခဲ့သည်။ Mildred Pierce ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် Evan Rachel Wood, Melissa Leo နှင့် Mare Winning ham တို့လည်း အကောင်းဆုံးဇာတ်ပို့ဆုများရရှိရန် အမည်စာရင်းတင်သွင်းခံရသည်။ ထို့ပြင် အခြားဇာတ်ကားများဖြစ်သော Downton Abbey,The Kennedys, Cinema Verite, Too Big to Fail နှင့် The Pillars of the Earth ဇာတ်ကားများလည်းအမည်စာရင်းတင်သွင်းခံရသည်။ (၆၃)ကြိမ်မြောက် Primetime Emmy Awards ဆုများ ရွေးချယ်ချီးမြှင့်ပွဲကို လော့စ်အိန်ဂျလိစ်မြို့ရှိ နိုကီရာကဇာတ်ရုံ၌ လာမည့် စက်တင်ဘာ ၂၈ ရက်၌ ကျင်းပမည်ဖြစ်သည်။ **(အင်တာနက်)**

ပရိသတ်အားအေးချမ်းတက်ကြွမှုရှိစေသည့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟန်ဂါအင်

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ဆိုးလ် ဇူလိုင် ၂၀

၂၀၁၁ခုနှစ် ဇူလိုင်လအတွက် တောင်ကိုရီးယားပရိသတ်များ အားပေးမှုအခံရဆုံး အမျိုးသမီးသရုပ်ဆောင်အဖြစ် ဟန်ဂါအင် **(ယာပုံ)** ရွေးချယ်ခြင်းခံရကြောင်း အမ်ဘီစီရုပ်မြင်သံကြားသတင်းဌာနက ဇူလိုင် ၁၉ ၌ ပြောကြားသည်။

အင်တာနက်ပေါ်တွင် ပရိသတ်များစွာကတစ်ခဲနက်ဆန္ဒပြုခဲ့ခြင်းဖြစ်ပြီး သူမ၏ သဘာဝကျသော သရုပ်ဆောင်မှုများက ပရိသတ်နှစ်သက်သဘောကျမှုကို ဖြစ်စေခဲ့သည်။ အသက် ၃၀အရွယ်ရှိပြီဖြစ်သည့် ဟန်ဂါအင်သည် အသက် ၁၃ နှစ်အရွယ်ကပင် Super Rookie ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှ စတင်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ယင်းရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ပြသခဲ့ရာ ပရိသတ်များ အထူးနှစ်သက် သဘောကျအားပေးခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ သူမအောင်မြင်မှုရရှိခဲ့သော အခြားရုပ်မြင်သံကြားဇာတ်လမ်းတွဲများမှာ The Snow Princess Terms of Endearment, Which Yoo Hee, Bad Guy စသည်တို့ဖြစ်ကြသည်။ ယခုအချိန်အထိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲနှင့် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ကျော်တွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသော မျက်လုံးနှင့်မျက်နှာအမူအရာတို့က ဟန်ဂါအင်၏ အခြားအမျိုးသမီးအနုပညာရှင်များနှင့် ကွဲပြားသောအချက်ပင် ဖြစ်သည်။ ဟန်ဂါအင်၏ အနုပညာနှင့်ပတ်သက်၍ ရရှိခဲ့သည့်ဆုများမှာ ၂၀၀၃ ခုနှစ်က ကေဘီအက်စ်မှ ချီးမြှင့်ခဲ့သော Best New Actress ဆု၊ ၂၀၀၄ ခုနှစ်က ကေဘီအက်စ် ရုပ်သံလိုင်းမှချီးမြှင့်ခဲ့သော Best Couple ဆု၊ တစ်ဖန် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်က အမ်ဘီစီက ချီးမြှင့်ခဲ့သည့် Excellence Awards ဆုများဖြစ်ကြသည်။တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟန်ဂါအင်သည် တောင်ကိုရီးယားရုပ်ရှင်မင်းသားယန်ဂျောင်ဟွန်းနှင့် ၂၀၀၅ ခုနှစ် ဧပြီလက လက်ထပ်ခဲ့ပြီး သားသမီးမယူသေးဘဲ အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိပါကြောင်း။ ။ **(အင်တာနက်)**

သတင်းထောက်အဖြစ် သရုပ်ဆောင်မည့် ရုပ်ရှင်မင်းသမီး ဂါရေး

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ရိုမိုလာဂါရေးက မိမိသည် သတင်းထောက်အလုပ်ကို ငယ်စဉ်ကပင် ဝါသနာပါခဲ့ကြောင်း၊ The Hour ဇာတ်ကား၌ မိမိသည်သတင်းထောက်အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သဖြင့် ပျော်ရွှင်နေကြောင်း ဇူလိုင် ၁၉ ရက်က မီဒီယာသမားများနှင့်တွေ့ဆုံစဉ် ၎င်းက ပြောကြားသည်။

အသက် ၂၈ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး ဂါရေးမှာ ငယ်စဉ်ကပင် အဘိုးဖြစ်သူ လုပ်ကိုင်ခဲ့သည့် ကီးစတုန်း သတင်းစာအတွက် သတင်းဓာတ်ပုံများရယူရာတွင် ကူညီပေးခဲ့သူဖြစ်သည်။ ရုပ်မြင်သံကြားကြည့်ရှုရာတွင်လည်း နိုင်ငံတကာသတင်းအစီအစဉ်များကိုသာ ဦးစားပေးကြည့်ရှုတတ်သူဖြစ်သည်။ The Hour ဇာတ်ကားတွင် အရှေ့အလယ်ပိုင်းဒေသ စူးအက်တူးမြောင်းကိစ္စရပ်များ အပါအဝင် အခြားစိတ်ဝင်စားဖွယ် သတင်းများကို လိုက်လံစူးစမ်းရယူမည့် သတင်းထောက်တစ်ဦးအဖြစ် ရုပ်ရှင်မင်းသမီး ဂါရေးကို တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းဇာတ်ကားအား မကြာမီ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရှိရသည်။ (အင်တာနက်)

နိုင်ငံတကာအားကစား

ကိုပါအမေရိကဖလားအကြိုဗိုလ်လုပွဲ ဥရုဂွေးက ပီရူးကိုနိုင်ပြီး ဗိုလ်လုပွဲတက်

မြင့်မောင်စိုး
စုစည်းသည်

လာပလာတာ (အာဂျင်တီးနား) ဇူလိုင် ၂၀

ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ဇူလိုင် ၁၉ ရက် ညပိုင်းက အာဂျင် တီးနားနိုင်ငံ၌ ဥရုဂွေးအသင်းနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဥရုဂွေးအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူးလူးဝစ်ဆွာရက်က ပွဲချိန် ၅၃ မိနစ်နှင့် ၅၈ မိနစ်တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော ဥရုဂွေးအသင်းသည် လာမည့် ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့)တွင် ပါရာဂွေး သို့မဟုတ် ဗင်နီဇွဲလားအသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲကို အာဂျင်တီးနားနိုင်ငံ၏ မြို့တော် ဗျူနိုအေးရိစ်၌ ကျင်းပမည်ဖြစ်သည်။ ဥရုဂွေးအသင်းသည် ယင်းဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲနိုင်ခဲ့လျှင် ကိုပါအမေရိကဖလားကို (၁၅)ကြိမ်မြောက် ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ဥရုဂွေးအသင်းသည် ၁၉၉၅ ခုနှစ်က အာဂျင်တီးနားအသင်းကို နိုင်ပြီး ကိုပါအမေရိကဖလားကို (၁၄)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်က ဘရာဇီးကို ရှုံးပြီး ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။ ဥရုဂွေးအသင်းတွင် လီဗာပူးကစားသမား တိုက်စစ်မှူး ဆွာရက်နှင့် ကွင်းလယ်ကစားသမား ဒီဂိုဖော်လန်တို့ ဦးဆောင်ကစားလျက်ရှိသည်။ (အင်တာနက်)

ဥရုဂွေးအသင်းအတွက် ဒုတိယအနိုင်ဂိုးကို တိုက်စစ်မှူး ဆွာရက်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်)

မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်း အက်စ်တွန်ဗီလာ ငါးနှစ်စာချုပ်

လန်ဒန် ဇူလိုင် ၂၀

မန်စီးတီးအသင်းတွင် ကစားနေသော အိုင်ယာလန်ဂိုးသမား ရှေးဂစ်ဗင်း ***(ဝဲပုံ)*** *အား အက်စ်တွန်ဗီလာအသင်းက ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။*

အသက် ၃၅ နှစ်ရှိ ဂိုးသမားရှေးဂစ်ဗင်းအား အသင်းနှစ်ခုကြားပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ငါးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာနည်းပြသစ် အဲလက်စ်မက်လိရှ်က ၎င်း၏ ကစားသမား ဘရက်ဖရီဒယ် တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် နယူးကာဆယ်ကစားသမားဟောင်း မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်းအားခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်ဟုဆို၏။

"အက်စ်တွန်ဗီလာအသင်းဟာ အသင်းကြီးတစ်သင်းပါပဲ. . .။ ကျွန်တော့်အနေနဲ့ ယခုလိုပြောင်းရွှေ့ရမယ်သိလို့ တကယ့်ကို စိတ်လှုပ်ရှားမိပါတယ်။ ဒီပြောင်းရွှေ့မှုဟာလည်း စိန်ခေါ်မှုအသစ်ပါပဲ. . .။ ကျွန်တော့်အနေနဲ့လည်း အက်စ်တွန်ဗီလာအသင်းအတွက် စိတ်အားထက်သန်စွာနဲ့ ကစားပေးဖို့အသင့်ပါပဲ" ဟု ရှေးဂစ်ဗင်းက အက်စ်တွန်ဗီလာအသင်းဝက်ဘ်ဆိုက်သို့ပြောကြားခဲ့သည်။

နည်းပြရော်ဘတ်တိုမန်စီနီလက်ထက်တွင်အင်္ဂလန်လက်ရွေးစင်ဂိုးသမားဂျိုးဟတ်ကိုသာ ပထမဂိုးသမားအဖြစ်သတ်မှတ်ထားခဲ့သည်။ ရှေးဂစ်ဗင်းသည် မန်စီးတီးအသင်း အက်ဖ်အေဖလား ဆွတ်ခူးရာတွင် အရန်ခုံ၌သာ ထိုင်ခဲ့ရသူဖြစ်သည်။ ***(အင်တာနက်)***

ရှေ့တန်း နေရာစုံကစားနိုင်သည့် တိုက်စစ်မှူး ဂါဗင်ဟို အာဆင်နယ်သို့ရောက်ပြီ

လန်ဒန် ဇူလိုင် ၂၀

ပြင်သစ်ကလပ် လီလေအသင်းမှ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂါဗင်ဟိုအား ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်း မရှိဘဲ အာဆင်နယ်က အပြီးသတ်စာချုပ်လိုက်ပြီဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ဂါဗင်ဟို (ယာပုံ) သည် ပြီးခဲ့သည့် ဘောလုံးရာသီက လီလေအသင်းကို ပြင်သစ်လိဂ်ဖလားနှင့် အခြားဖလားနှစ်လုံး ဆွတ်ခူးနိုင်ရေး အဓိက ကြိုးစားပေးခဲ့သူဖြစ်သည်။

"အာဆင်နယ် ကစားသမားတစ်ယောက်ဖြစ်လာလို့ အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ ဒီအသင်းကို ကစားပေးဖို့ အမြဲတမ်းလိုလို အိပ်မက်မက်ခဲ့ရပါတယ်.." ဟု သူက ပြောခဲ့သည်။

နည်းပြ အာစင်ဝင်းဂါးကလည်း "သူဟာ တကယ်အရည်အချင်းရှိတဲ့ ကစားသမားဖြစ်လို့ သူ့ကိုရွေးချယ်လိုက်တာပါ၊ အသင်းအတွက်တော့ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

"ပြီးတော့ ဂါဗင်ဟိုကို စာချုပ်ခဲ့ရခြင်းဟာလည်း ကျွန်တော်တို့ အီးမရိတ်အားကစားကွင်းကြီးမှာ ခြောက်နှစ်ကြာ ဖလား လက်မဲ့ဖြစ်နေရခြင်းကို အဆုံးသတ်ပေးနိုင်ဖို့ မျှော်လင့်ထားတာပါ..."ဟု နည်းပြ ဝင်းဂါးက ဆက်လက်ပြောကြားသည်။ "သူ့ကို ခေါ်ယူလိုက်ခြင်းဟာ သူဟာ ရှေ့တန်းမှာ ဘယ်နေရာဖြစ်ဖြစ် ပုံစံအမျိုးမျိုး ကစားနိုင်တယ်၊ သူ့ကို ဘယ်တောင်ပံထားမလား၊ အလယ်မှာ ထားကစားမလား၊ ဒါမှမဟုတ် ညာတောင်ပံ ပို့မလား ဖြစ်တယ်၊ ဒါကြောင့် ကျွန်တော် သူ့ကို မဖြစ်မနေ ရွေးချယ်ခဲ့ရတာဖြစ်ပါတယ်..." ဟု ဝင်းဂါးက ထပ်မံပြောကြားခဲ့သည်။ (အင်တာနက်)

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အကြိမ် (၇၀)မြောက် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ဇူလိုင် ၇ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်းက ကြီးမှူး၍ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းနေ ဦးဝင်း-ဒေါ်သိန်း(ဝင်းမေတ္တာပွဲရုံမိသားစု)၊ သား သရုပ်ဆောင် နေမင်းခတို့က ရွှေစင်သုံးကျပ်သားအတွက် ဆဋ္ဌမအကြိမ်မြောက် အလှူတော်ငွေကျပ် ၁၈ သိန်းကို အသင်းနာယကနှင့် ဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၂)

သွေးလှူရှင်အဖွဲ့သို့ အလှူငွေလှူဒါန်း

တောင်ငူ ဇူလိုင် ၂၀

တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ကွဲကျောင်းကျေးရွာနေ တောင်သူကြီး ဦးထွန်းသိန်းအား ရည်စူး၍ ကျန်ရစ်သူဇနီး ဒေါ်မမကြီးနှင့် သမီး မခင်မာဆွေတို့ မိသားစုက ဇူလိုင် ၁၄ ရက်၌ တောင်ငူမြို့ မေတ္တာနှင့်စေတနာ သွေးလှူရှင်အဖွဲ့သို့ အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ သွေးလှူရှင်အဖွဲ့ နာယက သတင်းထောက် ဦးကျော်လှ (သမာဓိ) နှင့် အမှုဆောင်အဖွဲ့တို့ လက်ခံယူပြီး အလှူရှင်မိသားစုသို့ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်မိသားစုကိုယ်စား ဦးချစ်တင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ သွေးလှူရှင်အဖွဲ့ နာယက ဦးကျော်လှ (သမာဓိ)၊ အမှုဆောင် ဦးရဲမြင့်(ပွဲရုံ)နှင့် ဦးစံအေး (အေး-မိတ္တူ)တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

လှူဒါန်းပြီး

၎င်းသွေးလှူရှင်အဖွဲ့သည် စတင်တည်ထောင်သည်မှ ဇူလိုင် ၁၄ ရက်အထိ တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ပုဂ္ဂလိကဆေးရုံသုံးခုတို့တွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် အရေးပေါ်လူနာများအတွက် လိုအပ်သည့်သွေးနှင့် အောက်ဆီဂျင်အိုးများကို ၂၄ နာရီ အခမဲ့လှူဒါန်းလျက်ရှိရာ ယနေ့အထိ သွေးပုလင်းပေါင်း ၁၃၁၀၇ နှင့် အောက်ဆီဂျင်အိုး ၉၄၀ တို့ကို လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသွေးလှူရှင်အဖွဲ့သို့ သွေးနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုကြသည့် စေတနာရှင်များအနေဖြင့် မေတ္တာနှင့်စေတနာ သွေးလှူရှင်အဖွဲ့ရုံး ကန်လမ်း တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၅၂၄၀သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၁၃၆)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တစ်နိုင်တစ်ပိုင်မွေးမြူရေး တိုးမြှင့်ဆောင်ရွက်

သာပေါင်း ဇူလိုင် ၂၀

သာပေါင်းမြို့နယ် လေှကြီးတက်အုပ်စု နံနံပင်ကုန်းကျေးရွာအမကတွင် ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရွာလုံးကျွတ်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသန်းလွင်က တိရစ္ဆာန်ကူးစက်ရောဂါများ ထိန်းချုပ်ရေးနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း ဟောပြောဆွေးနွေးပြီး တာဝန်ရှိသူများက မွေးမြူရေးခြံများသို့ ကြည့်ရှုစစ်ဆေးကာ ပိုးသတ်ဆေးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

e-Government အထောက်အကူပြု ပုံရိပ်ဖမ်းစက်အကြောင်း ရှင်းလင်းပြသ

ရန်ကုန် ဇူလိုင် ၂၀

e-Government လုပ်ငန်းဖော်ဆောင်ရန်အတွက် နည်းပညာမြင့် ဘက်စုံသုံး High Speed Scanner နှင့်၎င်းနှင့်တွဲဖက်အသုံးပြုလျှင် ပိုမိုကောင်းမွန်သည့် Fuji xerox Electronic Document Management Software ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ Concordia Show Room များ၌ ဇူလိုင် ၇ ရက်မှစ၍ ရုံးဌာနများအတွက် ပြသလျက်ရှိသည်။

အဆိုပါ စကင်နာသည် တစ်မိနစ်လျှင် ရွက်ရေ ၄၀ အထိ ပုံရိပ်ဖမ်းနိုင်ခြင်း၊ စာမျက်နှာနှစ်ဖက်စလုံးအား အလိုအလျောက်ဖတ်နိုင်ခြင်း၊ လျင်မြန်စွာပုံရိပ်ဖမ်းနိုင်ခြင်း၊ Touch Screen ဖြစ်သည့်အတွက် အသုံးပြုသူများ လွယ်ကူစွာအသုံးပြုနိုင်ခြင်း၊ ၎င်းစက်နှင့် တွဲဖက်အသုံးပြုရသော Software (Docu work) သည် စာရွက်စာတမ်းများအား စီမံခန့်ခွဲနိုင်သော Software အမျိုးအစားဖြစ်ခြင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းပြသထားသည်။ စိတ်ပါဝင်စားသူများ Concordia Int'l Ltd. ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၀၉၂၁၅၊ ၀၉-၇၃၀၀၉၂၂၁၊ ၀၉-၈၀၃၁၃၇၃၊ မန္တလေး ဖုန်း-၀၂-၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၂၊ ၄၂၀၈၁၉၊ ၀၉-၄၉၂၀၀၉၄၈ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ငါးသယံဇာတထိန်းသိမ်းရေး ရွှေကူမြို့၌ ဟောပြောဆွေးနွေး

ရွှေကူ ဇူလိုင် ၂၀

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများ ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် အင်းလေလံဆိုင်ရာဆွေးနွေးပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသန်းအောင်မော်က ငါးမျိုးပြုန်းတီးမှု မရှိစေရေးနှင့် ငါးသယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ငါးရစ်ငါးသန်ကာလတွင် ငါး၊ ပုစွန်များ ဖမ်းဆီးခြင်းမပြုရန်၊ တရားမဝင်ငါးဖမ်းကိရိယာများဖြစ်သော ဘက်ထရီရှော့ခ်တိုက်ခြင်းနှင့် အဆိပ်ချ ငါးဖမ်းခြင်း မပြုလုပ်ရန် ရေချိုငါးလုပ်ငန်း ဥပဒေများကို အလေးထား လိုက်နာကြရန်နှင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးကိစ္စများကို ဟောပြောခဲ့ပြီး ၂၀၁၁-၂၀၁၂ခုနှစ်အတွက် အင်းလေလံတင်ရောင်းချမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့ရှိ ရွှေဝယ်ဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၃၀ရက်က စည်ပင်သာယာဈေးအစည်းအဝေးခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

အုတ်ခုံခံသစ်သားတံတား တည်ဆောက်

ညောင်တုန်း ဇူလိုင် ၂၀

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဝဲဒေါင့်ကျေးလက်လမ်းပေါ်ရှိ ရွှေကူအုတ်ခုံခံသစ်သားတံတားဆောက်လုပ်ပြီးစီးမှုကို ဇွန် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွှန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇော်လွင်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

တန့်ဆည်မြို့ရှိ တန့်ဆည်-နဘက်ကြီး ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနှင့် အမှုဆောင်အရာရှိ ဦးဌေးကိုတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်း

ဟင်္သာတတွင် ဆေးခြောက်များ ဖမ်းဆီးရမိ

ဟင်္သာတ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ အမှတ်(၁) ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်ထွန်းနှင့်အဖွဲ့သည် တာလေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချစ်မင်းထိုက်၊ ကနောင်စုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးကိုတို့နှင့်အတူ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ တာလေးရပ်ကွက် ဒေါ်ထားမေစက်ဝင်းနေ စန်ကြီး(ခ)စန်းလင်းနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အဆိုပါ နေအိမ်တွင် ရောက်ရှိနေသော မျိုးကျော်၏ခါးကြားတွင် စက္ကူဖြင့် ထုပ်ထားသောဆေးခြောက် ၁၆ ဒသမ ၃၃ ဂရမ်နှင့် ရောင်းရငွေ ၂၂၆၀၀ ကျပ်ကို ဖမ်းဆီးရမိပြီး ရောင်းချရာတွင် ကူညီသူနှင့် သုံးစွဲသူ စန်ကြီး(ခ)စန်းလင်း အသက် ၃၈ နှစ်၊ အဖ ဦးအုန်းဟန်၊ တာလေးရပ်ကွက်နေ မသူဇာခိုင်(ခ)သူဇာ အသက် ၃၂ နှစ်၊ အဖ ဦးအုန်းရွှေနှင့် သီရိ(၆)လမ်း ကနောင်စုရပ်ကွက်နေ မျိုးကျော်(ခ) ကုလားကြီး အသက် ၃၇ နှစ်၊ အဖ ဦးတင်လှိုင်တို့အား အမှုဖွင့်အရေးယူခဲ့ပြီးနောက် ကွင်းဆက်ဖော်ထုတ်ချက်အရ တာလေးရပ်ကွက် ဒေါ်ထားမေစက်ဝင်းနေ သောင်းကျော်ဌေးနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ဘုရားခန်းအောက် မြေကြီးတွင် ကြွပ်ကြွပ်အိတ်နှင့် ထုပ်၍ မြေတွင်မြှုပ်နှံထားသောဆေးခြောက် ၈၁ ဒသမ ၆၅ ဂရမ်အား ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် တရားခံများအား သက်ဆိုင်ရာက စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။ (၀၇၅)

ဝမ်းတွင်း၌ ဓာတ်လိုက်သေဆုံး

ဝမ်းတွင်း ဇူလိုင် ၂၀

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ သဲတော(၃) ရပ်ကွက်နေ ဦးဌေးမောင် (၅၃)နှစ်သည် ဇူလိုင် ၁၅ ရက်က အိမ်ဝိုင်းအတွင်းရှိ သစ်ပင်များကိုရေလောင်းနေစဉ် ရေမော်တာနှင့် ဆက်သွယ်ထားသည့် ပေါက်ပြဲနေသည့် ဝိုင်ယာကြိုးကို ကိုင်မိ၍ ဓာတ်လိုက်သေဆုံးသွားခဲ့သည်။ ဦးဌေးမောင်သေဆုံးမှုကို ဝမ်းတွင်းရဲစခန်းမှ တာဝန်မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး ဦးဌေးမောင် သေဆုံးမှုကို ဝမ်းတွင်းရဲစခန်းက သေမှုသေခင်းအဖြစ် အရေးယူ ဆောင်ရွက်ထားကြောင်း သိရှိရသည်။ (၀၁၂)

မြန်မာ့အလင်း စာတည်းထံပေးစာများ

အုတ်မြစ်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် အေးရိပ်မွန်လုံးချင်းအိမ်ရာဝင်း အေးရိပ်မွန်(၂)လမ်းရှိ ခြံတစ်ခြံတွင် အုတ်မြစ်လုပ်ငန်းကို စက်အင်အား၊ လူအင်အားဖြင့် သွန်းလောင်းခြင်း၊ ကရိန်းကားများအသုံးပြု၍ သယ်ထုတ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ အဆိုပါလုပ်ငန်းအား သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **အေးရိပ်မွန်သား**

တိုးချဲ့အဆောက်အအုံများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြကန်သာလမ်းမကြီး မြကန်သာအိမ်ရာ အပိုင်း(၂) တိုက်(၁)ရှိ မြေညီထပ်နေထိုင်သူအချို့သည် အများပိုင်ကားများ ရပ်နားရန် မြေနေရာတွင် တရားမဝင် အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်နေထိုင်လျက်ရှိရာ ကားများ ရပ်နားရန် အခက်အခဲရှိပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(၅)ရပ်ကွက်သား**

ချည်ထည်ဆိုးဆေးနံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာ အမှတ်(၃)ရပ်ကွက်ရှိ ချည်ထည်စက်မှုလုပ်ငန်းမှထွက်သော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူ**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

သုတေသနသိပ္ပံ

➤ ကောင်းမြတ်သူ - စုစည်းသည် ➤

နေ့စဉ် ရေပုံမှန်သောက်သူများ ကျန်းမာရေးအတွက် များစွာအထောက်အကူပြု

လန်ဒန် ဇူလိုင် ၂၀

လူတို့အနေဖြင့် ရေကို နေ့စဉ်ပုံမှန်သောက်သုံးကြလျှင် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုကြောင်း လူအများသိရှိကြပြီးဖြစ်သည်။ ၎င်းကို ကမ္ဘာ့ကျန်းမာရေးပညာရှင်များကလည်း လက်ခံအတည်ပြုထားပြီးဖြစ်သည်။

သို့ရာတွင် ကျန်းမာရေးအတွက် အကောင်းဆုံး ရေသောက်သုံးမှုအတိုင်းအတာကို ယခုအခါ သုတေသီများက လက်တွေ့စမ်းသပ်မှုများအရ ဖော်ထုတ်အတည်ပြုခဲ့ကြပြီ ဖြစ်သည်။ အဆိုပါ စမ်းသပ်ဖော်ထုတ်ချက်အရ နေ့စဉ် ရေကိုသောက်သုံးကြရာတွင် ပုံမှန်အားဖြင့် ဖန်ခွက် ရှစ်ခွက် အနည်းဆုံး သောက်သုံးသင့်ကြောင်း၊ သို့ရာတွင် ယင်းမှာ ပုံသေသတ်မှတ်၍ မရနိုင်ကြောင်း၊ ၎င်းမှာ ခန္ဓာကိုယ်အရွယ်အစား၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတို့အပေါ် မူတည်၍ သောက်သုံး



သင့်ကြောင်း စကော့တလန် သုတေသနပညာရှင် ဒေါက်တာမာဂရက် မက်ကာနေးက ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အရွယ်ရောက်သူ အမျိုးသားတစ်ဦးအနေဖြင့် နေ့စဉ် ရေကို ဖန်ခွက် ၁၃ ခွက်ခန့် သောက်သုံးသင့်ကြောင်း၊ ယင်းမှာ ရေဘူးလေးလုံးစာမျှရှိကြောင်း၊ အမျိုးသမီးများအနေဖြင့် နေ့စဉ် ရေဖန်ခွက် ကိုးခွက်ခန့် သောက်သင့်ကြောင်း၊ ယင်းမှာ ရေဘူးသုံးလုံးစာနှင့် ညီမျှကြောင်း ဒေါက်တာမာဂရက်က ထုတ်ဖော်ပြောကြား တိုက်တွန်းထားသည်။

(အပေါ်ပုံ) (အင်တာနက်)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၀

ဝေါန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၁၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၁၀၄ စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၃၇၆ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၂၃၀ စင်တီမီတာနှင့် ၁၅၅၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မိုး/ဇလ)**

အကြီးဆုံး ရေဒီယိုတယ်လီစကုပ် အာကာသအတွင်း စတင်စူးစမ်းလေ့လာ

မော်စကို ဇူလိုင် ၂၀

ရေဒီယိုအက်စထရွန်း **(Radio Astron)** ဟု အမည်ပေးထားသည့် ရုရှားရေဒီယိုတယ်လီစကုပ်သည် ဇူလိုင် ၁၉ ရက်က ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိလှည့်ပတ်နေပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ကြေညာသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်သည် အလေးချိန်အားဖြင့် ၃ ဒသမ ၈ တန်ရှိပြီး စကြဝဠာအတွင်းရှိ နေရာအများအပြားမှ အချက်အလက်များကို ဖမ်းယူနိုင်စွမ်းရှိသည်။

ယင်းရေဒီယိုတယ်လီစကုပ်သည် အာကာသအတွင်း အကြီးမားဆုံး ရေဒီယိုတယ်လီစကုပ်ဖြစ်ပြီး လွန်ခဲ့သည့် တနင်္လာနေ့က ကာဇက်စတန်ရှိ ဘိုင်ကိုနော့ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇီးနစ်သရီးအမ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတယ်လီစကုပ်သည် စပက်ထရန်အာရ် **(Spectrum-R)** ဟု ခေါ်သော ရုရှားအာကာသစူးစမ်းလေ့လာရေးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အရွယ်အစား

၎င်းရေဒီယိုအက်စထရွန်း၏ အင်တင်နာသည် ၁၀ မီတာ အရှည်ရှိသည်။ ယင်းရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာတစ်ပတ်ပြည့်ပတ်ရန် အချိန်ရှစ်ရက်နှင့် ခုနစ်နာရီကြာပြီး ယခုအခါ အဆိုပါ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေမှ အလင်းနှစ် ၅၉ သန်းအကွာရှိ ဂလက်ဆီကြယ်စုများကို စူးစမ်းလေ့လာလျက်ရှိကြောင်း သိရှိရသည်။

(အင်တာနက်)

21-7 (20).pmd 1 7/21/2011, 2:49 AM